ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

တန့်ယန်းမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃-၂၀၂၄)

(Vllage Development Project)

ခိုယောင်းကျေးရွာအုပ်စု၊ လုံကော်ကျေးရွာ

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လုံကော်ကျေးရွာ၊ တန့်ယန်းမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	၄
	လုံကော်ကျေးရွာ သယံဇာတပြန်လည်ပြုပြင်၊ တန့်ယန်းမြို့နယ်	၆
	လုံကော်ကျေးရွာ ရာသီခွင်ပြုပြင်ဒဒိန်၊ တန့်ယန်းမြို့နယ်	၇
	လုံကော်ကျေးရွာ နှင့် အဖွဲ့အစည်းချိတ်ဆက်ပြန်လည်၊ တန့်ယန်းမြို့နယ်	၈
	အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ	
၁။	**တည်နေရာနှင့်ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	၉
၃။	**လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၀
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာစိမံခန့်ခွဲမှုအခြေအနေ**	၁၀
၅။	**စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**	၁၁
	(က) သီးနှံစိုက်ပျိုးရေး	၁၁
	(ခ) မွေးမြူရေးလုပ်ငန်း	၁၁
	(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	၁၁
	(ဃ) ရွှေ့ပြောင်းလုပ်သားများ	၁၁

(ဂ) ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက် ၁၂

(စ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ၁၂

၆။ **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** ၁၂

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၁၂

(ခ) ကျေးရွာမီးလင်းရေး ၁၂

(ဂ) သတင်းနှင့်ဆက်သွယ်ရေး ၁၂

၇။ ပညာရေး ၁၃

၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၃

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၃

၁၀။ ကျား/မရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၄

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး ၁၄

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး ၁၄

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၅

အပိုင်း(ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(၁) ၁၇

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း ၁၉

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဧယားများ ၂၀

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဧယား ၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ခု ဘဏ္ဍာရေးနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစာပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယားစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။


၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လုံကော်ကျေးရွာ
တန့်ယန်းမြို့နယ်


ဦးယောင်းကျေးရွာအုပ်စု၊ လုံကော်ကျေးရွာ၏ လူမှုရေး နှင့် အရင်းအမြစ်မြေပုံ
အညွှန်း
- လူနေအိမ်
- နတ်ဆင်
- ရေကန်
- ကွာဆင်
- စာသင်ကျောင်း
- လယ်
- သစ်ပင်


လုံကော်ကျေးရွာအုပ်စု၊ ခိုယောင်းအုပ်စု ရာသီခွင်ပြ ပြက္ခဒိန်
ပယ်
ပြန်မာရေး
ဖျား
ဖြေပဲ
စပါး
မြောင်း
စပါး
ဝန်းပျက်
ဝန်းလျော
နွားစေး
ချောင်းဆိုး
ဖျား

လုံကော်ကျေးရွာ အဖွဲ့အစည်းများနှင့် ဆက်စပ်မှုပြပုံ၊ တန့်ယန်းမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

လုံကော်ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်၊ ခိုယောင်းကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာဖြစ်ပါသည်။ လုံကော်ကျေးရွာသည် တန့်ယန်းမြို့နှင့် (၁၂)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းမှုပြုပါသည်။ ဒေသ၏ တစ်နှစ်ပျှမ်းမျှ မိုးရေချိန်မှာ လက်မ ၄၀ မှ ၈၀ ထိရှိပြီး စိုက်ပျိုးရေးအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာ မြေပြန့်ပိုင်းတွင် လယ်မြေအချို့စိုက်ပျိုးလျက်ရှိပါသည်။ ကျေးရွာထွက်ကုန်များဖြစ်သော စပါး၊ ပြောင်းနှင့် မြေပဲများကို တန့်ယန်းမြို့စျေးကွက်သို့ တင်ပို့ရောင်းချပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

လုံကော်ကျေးရွာ၏ ရာသီဥတုနေအထားမှာ အေးမြစိုစွတ်သောရာသီဥတုဖြစ်ပါသည်။ ကျေးရွာ၏စိုက်ပျိုးနိုင်သော ဧကမှာ(၁၂၇)ဧကရှိပါသည်။ ယာမြေ/တောင်ယာမြေ လုပ်ကိုင်သူများပြားပါသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်သော်လည်း ဓါတ်မြေဩဇာအနည်းငယ်ထည့်ဝင်စိုက်ပျိုးလျက်ရှိပါသည်။ ကျေးရွာတွင် သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဘက်ဝင်အပင်များ)အနည်းငယ်မျှသာတွေ့ရှိနိုင်ပါသည်။ သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ ဆေးဘက်ဝင်အပင်များ)မှာ တောတောင်များတွင် ပေါက်ရောက်နေသောကြောင့် အသုံးချနိုင်မှုအနည်းငယ်ခက်ခဲပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးလျက်ရှိပါသည်။ ကျေးရွာသောက်သုံးရေ အတွက် စိမ့်စိမ်းရေထွက်မှရေကို သွယ်ယူအသုံးပြုလျက်ရှိပါသည်။ ရာသီဥတုသင့်တင့်မျှတသောကြောင့် စိုက်ပျိုးရေးကောင်းမွန်စွာဖြစ်ထွန်းပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

လုံကော်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၄၀)စုရှိပြီး ရှမ်းလူမျိုးများသာ စုပေါင်းနေထိုင်ကြပါသည်။ လူဦးရေစုစုပေါင်း(၁၃၃)ဦးဖြစ်ပြီး ပျှမ်းမျှအိမ်ထောင်စုတစ်စုလျှင် (၅)ဦးရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင် ပျှမ်းမျှ(၅)ဦးထက် လျော့နည်းပါသည်။ ကျေးရွာတွင် တစ်နှစ်အောက်နို့စို့ အရွယ်ကလေး မ(၃)ဦး၊ ၅နှစ်အောက်ကလေး ကျား(၇)ဦး၊ မ(၆)ဦး၊ မူလတန်းကျောင်းသားအရွယ် ၅နှစ်မှ ၉နှစ် ကျား(၁၀)ဦး၊ မ(၁)ဦး၊ အလယ်တန်းကျောင်းသားအရွယ် ၁၀နှစ်မှ ၁၄နှစ် ကျား(၄)ဦး၊ မ(၆)ဦး၊ အလုပ်လုပ်နိုင်သောအရွယ် ၁၅နှစ်မှ ၆၄နှစ် ကျား(၄၆)ဦး၊ မ(၄၉)ဦး ရှိပါသည်။ ကလေးများအားလုံး

အသက်(၆)နှစ်ပြည့်လျှင် မူလတန်းပညာကို သင်ယူကြပါသည်။ ကျေးရွာလူဦးရေ စုစုပေါင်း၏ (၈၅%) မှာ အလုပ်လုပ်ကိုင်နိုင်သောအရွယ်ဖြစ်ပါသည်။ အလုပ်လုပ်နိုင်သောလူဦးရေမှာ အမျိုးသားဦးရေထက် အမျိုးသမီးဦးရေ အနည်းငယ်ပိုပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာအချို့ အိမ်ထောင်စုများမှာ မိသားစုဝင်ငွေမှာ စားဝတ်နေရေးအတွက် အဆင်ပြေပြီး အချို့သောအိမ်ထောင်စု များမှာ မိသားစု လောက်ငရုံဝင်ငွေသာ ရရှိကြပါသည်။ အိမ်ထောင်စုအလိုက် ဓနအဆင့်သတ်မှတ်မှု များတွင် အိမ်ထောင်စုအားလုံး၏ (၁၀%)သည် အလယ်အလတ်ရှိသောအိမ်ထောင်စု၊ အိမ်ထောင်စု အားလုံး၏ (၁၀%)သည် အလွန်ဆင်းရဲသော အိမ်ထောင်စုအဖြစ်ခံယူကြပြီး (၈၀%)မှာ ဆင်းရဲသော အိမ်ထောင်စုဖြစ်ကြောင်း ကောက်ယူရရှိပါသည်။ ကျေးရွာတွင်းတွင် ကိုယ်စီကိုယ်ငှမြေယာပိုင်ဆိုင်မှုရှိ ကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြု လျက်ရှိပါသည်။ အိမ်ထောင်စုအားလုံးမြေယာပိုင်ဆိုင်မှုရှိကြပြီး စိုက်ပျိုးရေးကို အဓိကထားဆောင်ရွက် ကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ဆင်းရဲသားတောင်သူအများစုနေထိုင်ပြီး ရာသီအလိုက် စပါး၊ ပြောင်းနှင့် မြေပဲ တို့ကို စိုက်ပျိုးကြပြီး မြေယာမဲ့မိသားစုများမှာ နေ့စားအငှားလိုက်ခြင်းဖြင့် လုပ်ကိုင်ရှာဖွေ ကြပါသည်။ အကြွေးတင်ရှိမှုငွေပမာဏတွင် စစ်တမ်းကောက်ယူထားရှိသော အိမ်ထောင်စုများတွင် ချေးငွေကျပ် (၁)သိန်းမှ ကျပ်(၁၅)သိန်းအထိ အကြွေးတင်ရှိကြောင်းနှင့် အများစုမှာဆွေမျိုးနှင့် ငွေတိုး ချေးယူခြင်းကြပြီး အဓိကအားဖြင့် အစားအစာစားသုံးရန်အတွက်နှင့် လုပ်ငန်းအတွက်ရင်းနှီးမြုပ်နှံရန် ချေးယူကြခြင်းဖြစ်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ ဘာသာရေးအဖွဲ့၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ကျောင်းကော်မတီ၊ လူငယ်အဖွဲ့တို့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာ တွင်းရှိ လူထုအခြေပြုဖွံ့ဖြိုးရေးအဖွဲ့သည် ကျေးရွာ၏ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆော်သြပေး ခြင်း၊ စည်းရုံးခြင်းများ အခါအားလျော်စွာ ကူညီဆောင်ရွက်ပေးပါသည်။ ကျေးရွာတွင်းအဖွဲ့ များသည် ရပ်ရွာ အကျိုးများကို ရွာသူ/သားများနှင့်အတူ အားတက်သရောဆောင်ရွက်ကြပါသည်။ သာရေး/နာရေး ကိစ္စ ရပ်များရှိပါက ရွာလုံးကျွတ်စုပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

လုံကော်ကျေးရွာသည် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်သောကျေးရွာဖြစ်ပါသည်။ စိုက်ပျိုးမြေကေပေါင်း(၉၉)ကေရှိပါသည်။ အဓိကစိုက်ပျိုးသီးနှံမှာ ပြောင်း၊ စပါးနှင့် မြေပဲတို့ကို စိုက်ပျိုးကြပါသည်။ စပါး၊ မြေပဲနှင့် ပြောင်းတို့ကို သဘာဝမိုးရေနှင့် စိမ့်စမ်းရေသွယ်ယူ၍သာ အဓိကစိုက်ပျိုးကြပါသည်။ ကျေးရွာတွင်း စိုက်ပျိုးရေးအထောက်အကူပြု စက်ပစ္စည်းပိုင်ဆိုင်မှုနည်းသောကြောင့် ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းရာတွင် နှောင့်နှေးမှုအချို့ရှိပါသည်။ တစ်ခါတစ်ရံ မိုးရွာသွန်းမှုများသောကြောင့် သီးနှံအထွက်နည်းကြောင်း တွေ့ရတတ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

လုံကော်ကျေးရွာတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနည်းပါးပြီး ကျွဲ၊ နွား၊ ကြက်၊ ဘဲတို့ကို တစ်ပိုင်တနိုင်မွေးမြူထားရှိသော အိမ်ထောင်စုသည် မွေးမြူရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုသူ မရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာလူထုအနေဖြင့် မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတ နည်းပါးခြင်းနှင့် ငွေကြေးအခက်အခဲသည် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် တိုးချဲ့ ဆောင်ရွက်ရန် အဓိကအဟန့်အတားဖြစ်ကြောင်း သုံးသပ်ရပါသည်။ ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် အဆင်ပြေမှုရှိနိုင်သော်လည်း မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်အသက်မွေး ဝမ်းကျောင်းမှုပြုကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုအသေးစားကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိပါ။ စိုက်ပျိုးရေးရာသီတွင်သာ အလုပ်အကိုင်အခွင့်အလမ်းရှိပြီး ကျန်အချိန်များတွင်မူ အလုပ်အကိုင်နှင့် ဝင်ငွေနည်းပါးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် လူငယ်၊ လူရွယ် များသည် ကျေးရွာ၏ (၃၀%) ခန့်သာရှိသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အင်းအားတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိပါသည်။ လက်သမား နှင့် ပန်းရံလုပ်ကိုင်သူအချို့ရှိသော်လည်း အမြဲတစေလုပ်ကိုင်ခြင်းမျိုးမဟုတ်ဘဲ စိုက်ပျိုးရေးရာသီကုန်ဆုံးမှသာ လုပ်ကိုင်ခြင်းဖြစ်ပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ

ပြည်တွင်းနှင့် ပြည်ပ သွားလာသူများသည် အခြားမြို့များတွင် စားဝတ်နေရေးအတွက်သွားရောက်အလုပ်လုပ်ကိုင်နေကြသူများဖြစ်ပြီး ၎င်းတို့ပြန်ပို့ငွေများအပေါ်မှီခိုနေသော အိမ်ထောင်စုများ ရှိပါသည်။ လစဉ်ငွေပို့နိုင်ခြင်းမရှိဘဲ တစ်နှစ်(၃)ကြိမ်ခန့်သာ မိသားစုထံ ငွေပို့ပေးကြကြောင်းသိရှိရပါသည်။

(ဂ) ကုန်စည်နှင့် ဝန်ဆောင်မှုစျေးကွက်

လုံကော်ကျေးရွာနှင့် အနီးဆုံးစျေးမှာ တန့်ယန်းမြို့မစျေးဖြစ်ပြီး တန့်ယန်းမြို့မစျေးသို့ သွားရန် (၁၂)မိုင်ခန့်ကွာ ဝေးသောကြောင့် ကုန်စည်၊ ဝန်ဆောင်မှုနှင့် စျေးကွက်လက်လှမ်းမီမှုအခြေအနေ အနည်းငယ်မျှသာ ကောင်းမွန်ပါသည်။

(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင်းတောင်သူများအချို့မှာ ပွဲစားများထံ ချေးငွေများရယူကာစိုက်ပျိုး လုပ်ကိုင်ကြပါသည်။ ဆွေမျိုးသားချင်းများထံမှ နားလည်မှုဖြင့် ချေးယူထားမှုများလည်း တွေ့ရှိရတတ်ပါသည်။

ချေးငွေချေးယူရခြင်း၏ အဓိကအကြောင်းအရင်းမှာ စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်း၊ လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် ရင်းနှီးငွေလိုအပ်ခြင်းတို့ဖြစ်ကြောင်း တွေ့ရှိရသည်။ ကျေးရွာတွင်း အကြွေး တင်ရှိမှုစစ်တမ်းကောက်ယူမှုအရ ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများအားလုံး ကြွေးမြီ တင်ရှိကြပြီး အနည်းဆုံး အကြွေး (၁)သိန်းကျပ် မှ အများဆုံး (၁၅)သိန်းကျပ်အထိ ရှိကြောင်းတွေ့ရှိရ ပါသည်။ အိမ်ထောင်စုအများစုမှာ (၁)သိန်း မှ (၅)သိန်းကြား အကြွေးတင်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ထုတ်ချေးပေးခြင်း မရှိကြောင်းတွေ့ရှိရပါသည်။

၆။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေးယာဉ်များအဖြစ် မော်တော်ဆိုင်ကယ်၊ ကား အသုံးပြုနေကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ရွာတွင်းလမ်းသည် မိုးရေကြောင့် လမ်းချော်ခြင်း၊ လမ်းများပျက်စီးခြင်းများ ကြောင့် အခက်အခဲများ နှစ်စဉ်တွေ့ရပါသည်။

(ခ) ကျေးရွာမီးလင်းရေး

၂၀၂၃ခုနှစ်ထိ လျှပ်စစ်မီးမရသောကျေးရွာဖြစ်ပါသည်။ အိမ်ထောင်စုအားလုံး၏ (၉၀%)သည် ဆိုလာစနစ်၊ ဘက်ထရီ၊ ဖယောင်းတိုင်များကို အသုံးပြုကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

လုံကော်ကျေးရွာတွင် (MPT)ဖုန်းလိုင်းတစ်ခုတည်းသာ အသုံးပြုနိုင်ပြီး ကျေးရွာ၏အချို့နေရာ များတွင် ဖုန်းလိုင်းမရှိခြင်းများဖြစ်သောကြောင့် အခက်အခဲများရှိပါသည်။ လမ်းဘေးကျေးရွာဖြစ်

သော်လည်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်အလွယ်တကူမရရှိနိုင်သော ကျေးရွာဖြစ်ပါသည်။

၇။ ပညာရေး

လုံကော်ကျေးရွာတွင် စာမတတ်သူဦးရေပိုမိုများပြားပါသည်။ မူလတတန်းနှင့် အလယ်တန်းအဆင့်ထိ သာတက်ရောက်ကြပြီး အနည်းစုသာ တက္ကသိုလ်တက်ရောက်ကြပါသည်။ မိဘများ၏ ပညာရေးအားပေးမှုအားနည်းသောကြောင့်သော်လည်းကောင်း၊ စားဝတ်နေရေးအဆင်မပြေမှုကြောင့် သော်လည်းကောင်း၊ ပတ်ဝန်းကျင်၏လက်တွဲကူညီ အားပေးမှုအားနည်းခြင်းကြောင့် သော်လည်းကောင်း အဆင့်မြင့်ပညာရေးကို မသင်ကြားနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျောင်းသားမိဘများသည် မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှား နေရသည့်အတွက် သားသမီးများ၏ ပညာရေးကို မကြည့်ရှုနိုင်ပေ။ ကျောင်းသားကျောင်းသူများသည် မူလတန်းပညာသင်ယူပြီးပါက မိဘများနှင့်တူ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ကြပါသည်။ မူလတန်းကျောင်းသားများအနေဖြင့် မိမိတို့ကျေးရွာရှိ မူလတန်းကျောင်းတွင် တက်ရောက်ပြီး အချို့အထက်တန်း၊ အလယ်တန်း ကျောင်းသားများအနေဖြင့် တန့်ယန်းမြို့တွင် ပညာသင်ကြားကြပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

လုံကော်ကျေးရွာသည် အခြားကူးစက်နိုင်သောရောဂါများမရှိသောကျေးရွာဖြစ်ပါသည်။ သို့သော်လည်း ရာသီအလိုက်ဖြစ်တတ်သော အဖျားရောဂါ၊ ဆီးချိုနှင့် သွေးတိုးစသည့်ရောဂါများမှာ ဖြစ်ပွားမှုများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

နွေရာသီတွင် သန့်ရှင်းသောသောက်သုံးရေကို စိမ့်စမ်းရေမှ ရရှိပါသည်။ အရည်အသွေးစမ်းသပ်စစ်ဆေးထားခြင်းများ မရှိပါ။

အိမ်ထောင်စု၏(၄၅%)မှာ ယင်လုံအိမ်သာကိုသာအသုံးပြုကြပြီး ကျန် (၅၅%)မှာ တွင်းအိမ်သာကိုသာ အသုံးပြုကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လုံကော်ကျေးရွာသည် စိုက်ပျိုးရေးကိုလုပ်ကိုင်သော ကျေးရွာဖြစ်သောကြောင့် စိုက်ပျိုးသည့်အချိန်တွင် အထွက်နှုန်းတိုးရန်အတွက် ဓါတ်မြေဩဇာများကို တစ်နှစ်ထက်တစ်နှစ်ပို၍ ထည့်သုံးရပါသည်။ ထို့ကြောင့် မြေဆီဩဇာသည် အလွန်ပင်ပျက်စီးပါသည်။ ကျေးရွာတွင် သစ်တောသစ်ပင်မပြုန်းတီးအောင် နှစ်စဉ်နှစ်တိုင်း အပင်ငယ်များ စိုက်ပျိုးခြင်းမရှိပါ။ ကျေးရွာတွင် ဖျက်ပိုးနှင့် ရောဂါကာကွယ်

ထိန်းချုပ်မှုကို လေ့လာသင်ယူသည့်သူမရှိသလောက်နည်းပါးပါသည်။ ကျေးရွာတွင်း အမှိုက်သရိုက်များကိုစု၍ ရွာပြင်ထုတ်ကာ မီးရှို့ဖျက်ဆီးကြပါသည်။ အမှိုက်သရိုက်များကို စနစ်တကျကျင်းတူးပြီး စွန့်ပစ်သည့် အလေ့အထများမရှိပါ။

၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာအတွင်း ကျား-မရေးရာကိစ္စဆိုင်ရာ အခြေအနေမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင်းရှိ သာရေး၊ နာရေး ကိစ္စရပ်များအား ရွာလုံးကျွတ်ဝိုင်းဝန်းပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ကြပြီး ခွဲခြားဆက်ဆံခြင်းမျိုးများ မရှိကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် ယေဘုယျအခြေအနေ သုံးသပ်ရပါက ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားနှင့် အမျိုးသမီး တန်းတူအခွင့်အရေးရရှိကြောင်း တွေ့ရပါသည်။ သို့သော် ကျေးရွာတွင်း နေ့စားလုပ်အားခပေးချေမှုများတွင်မူ အမျိုးသားများက ပိုမို ရရှိကြောင်းသိရပါသည်။ ရွာ၏အုပ်ချုပ်သူ ရွာသူကြီးမှာအမျိုးသားဖြစ်ပါသည်။ ကျား-မရေးရာ တန်းတူ အခွင့်အရေးရရှိသောကျေးရွာ တစ်ရွာဖြစ်ပါသည်။

၁၁။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် လူငယ်လူရွယ်များအပန်းဖြေအနားယူရန် ဘောလုံးကွင်း၊ ခြင်းကွင်း၊ စာကြည့်တိုက်များ မရှိပေ။ လူငယ်လူရွယ်အများစုသည် ကျေးရွာ၏သဘောသဘာဝအရ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် လူကုန်ကူးမှု၊ ရာဇဝတ်မှုများဖြစ်ပွားမှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိပါ။ မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းပါသည်။

၁၃။ ဦးစာပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက်(Project)	ဦးစားပေး အဆင့်	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇
၁	ဘက်စုံသုံးကျေးရွာခန်းမတည်ဆောက်ခြင်းလုပ်ငန်း	၁	✓				
၂	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၂		✓			
၃	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၃			✓		
၄	လျှပ်စစ်မီးရရှိရန်ဆောင်ရွက်ခြင်း	၄				✓	
၅	ဖုန်းတာဝါတိုင်ရရှိရန်ဆောင်ရွက်ခြင်း	၅					✓

အပိုင်း(ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

အပိုင်း(ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ(၁)လုံကော်ကျေးရွာ

ကျေးရွာ	- လုံကော်ကျေးရွာ
ကျေးရွာအုပ်စု	- ခိုယောင်းကျေးရွာအုပ်စု
မြို့နယ်	- တန့်ယန်းမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	- ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည် - ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • လက်ရှိကျေးရွာတွင် သာရေး/နာရေး ဆောင်ရွက်ရန်၊ ရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ရန် ဘက်စုံသုံးခန်းမ မရှိပါ။ • လက်ရှိအခြေအနေတွင် ရပ်ရွာကိစ္စများကို သင့်လျော်သလိုသာ စီမံဆောင်ရွက်နေကြပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • မိမိတို့ကျေးရွာတွင် ဘက်စုံသုံးခန်းမ မရှိပါ။ • ရွာလူထု စုဝေးစည်းရုံးနိုင်သည့် အဆောက်အဦ(၁)ခု အမှန်တကယ်လိုအပ်ပါသည်။ • သို့ဖြစ်ပါ၍ ဘက်စုံသုံးခန်းမ(၁)ခု တည်ဆောက်လိုခြင်းဖြစ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် **(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)** • ကျေးရွာလုံးကျွတ်အစည်းအဝေးများ ကျင်းပနိုင်မည်ဖြစ်ပါသည်။ • သာရေး/နာရေး ကိစ္စရပ်များတွင် ၎င်းခန်းမအား အသုံးပြုနိုင်မည်ဖြစ်ပါသည်။ • ခန်းမရှိခြင်းအားဖြင့် ရွာသားအားလုံးစုစည်းတွေ့ဆုံချိန် များပြားလာသဖြင့် ပိုမိုစည်းလုံးလာပါမည်။	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်) • ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း၊ • ၄၅'x၃၀'x၁၂'	
စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု(ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၅၀၀၀၀၀၀ (ငွေသား) • xxxxxxxxxxx (ငွေသား) • ၇၀၀၀၀၀၀(ပစ္စည်း/လုပ်အား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၉၉	၁၀၄	၂၀၃					
အကျိုးခံစားမည့်သူဦးရေ	၉၉	၁၀၄	၂၀၃					
မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း

• ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

(၂) စီမံချက်စတင်မည့်အချိန် ခန့်မှန်း- (၉/၂၀၂၃)လ ပထမပတ်

(၃) စီမံချက်ပြီးစီးမည့်အချိန်- (၁၂/၂၀၂၃)လကုန်

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်-

• လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်မည့် လုပ်အားအတွက် ကျေးရွာသူ/သားများမှ ပါဝင်ဆောင်ရွက်သွားကြရန် သူကြီးမှ ဦးဆောင်၍ အစည်းအဝေးပြုလုပ်ပြီး စည်းရုံးဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ချိန်တွင် နေ့ရက်အလိုက်သော်လည်းကောင်း၊ လုပ်ငန်းတတ်မြောက်မှုအလိုက်သော်လည်းကောင်း တာဝန်ပေးအပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

• လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် ကျေးရွာရှိကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ အဓိကတာဝန်ယူဆောင်ရွက်သွားပါမည်။ လုပ်ငန်းဆောင်ရွက်ပြီးပါက ပြုပြင်ထိန်းသိမ်းရေးအတွက် ကျေးရွာမှ ကော်မတီသီးခြားဖွဲ့စည်းပြီး ကျေးရွာသူ/သား အားလုံးသဘောတူသည့်ငွေကြေးဖြင့် လုပ်ငန်းပြင်ဆင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

ခိုယောင်းကျေးရွာအုပ်စု၊ လုံကော်ကျေးရွာ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	မှတ်ချက်
၁	စိုင်းဆာလိန်	လုံးလူး	၁၃/တယန(နိုင်)၀၅၉၇၇၂	၃၆	ဥက္ကဋ္ဌ	
၂	လုံးဩ	ပူလွယ်ထွမ်း	၁၃/တယန(နိုင်)၀၅၉၇၇၆	၅၈	အတွင်းရေးမှူး	
၃	စိုင်းညွန့်	လုံးလှ	၁၃/တယန(နိုင်)၀၆၉၂၁၃	၃၁	ဘဏ္ဍာရေးမှူး	
၄	နန်းခမ်းလီ	ဦးဆန်မူး	၁၃/တယန(နိုင်)၀၃၄၈၈၈	၄၀	အဖွဲ့ဝင်	
၅	နန်းအေးမွေး	ဦးပီလွတ်	၁၃/တယန(နိုင်)၁၀၄၄၈၆	၂၁	အဖွဲ့ဝင်	
၆	စိုင်းလိတ်	ဦးလုံးဩ	၁၃/တယန(နိုင်)၁၀၂၅၆၃	၂၃	ဥက္ကဋ္ဌ(ဝယ်)	
၇	စိုင်းကျော်လှ	ဦးဆန်အွမ်	၁၃/တယန(နိုင်)၀၉၈၈၄၉	၂၃	စာရင်းကိုင်	

ဝယ်ယူရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	မှတ်ချက်
၁	စိုင်းလိတ်	ဦးလုံးဩ	၁၃/တယန(နိုင်)၁၀၂၅၆၃	၂၃	ဥက္ကဋ္ဌ	
၂	စိုင်းကျော်လှ	ဦးဆန်အွမ်	၁၃/တယန(နိုင်)၀၉၈၈၄၉	၂၃	စာရင်းကိုင်	
၃	စိုင်းညွန့်	လုံးလှ	၁၃/တယန(နိုင်)၀၆၉၂၁၃	၃၁	ဘဏ္ဍာရေးမှူး	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	-	၃	၃		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၇	၆	၁၃		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၀	၁	၁၁		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄	၆	၁၀		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၆	၄၉	၉၅	၂	
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁	-	၁		
စုစုပေါင်း		၆၈	၆၅	၁၃၃	၂	
စုစုပေါင်း အိမ်ထောင်စု		၄၀				

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ လုံကော်ကျေးရွာတွင်အိမ်ထောင်စုပေါင်း(၄၀)စု၊ ကျား(၆၈)နှင့် မ(၆၅) လူဦးရေစုစုပေါင်း (၁၃၃)ဦးတို့ နေထိုင်လျက်ရှိပြီး ကျေးရွာတွင် အဓိကအားဖြင့် ရှမ်းလူမျိုးများ နေထိုင်ကြပါသည်။ အမျိုးသမီးဦးရေထက် အမျိုးသားဦးရေ အနည်းငယ်မျှပိုပါသည်။ ကလေးငယ်များ ကူးစက်ရောဂါဖြစ်ပွားခြင်းမရှိ ကျန်းမာရေးကောင်းမွန်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၃၃	၈၀	၆	၃၇	၄၃		မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၇	၁၃	၃	၈	၅		မြင့် ☐ လတ် ☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေနဲငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင်							မြင့် ☐ လတ် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	/ ဝန်ထမ်း							နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - "**စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ လုံကော်ကျေးရွာတွင် လယ်ယာနှင့် တောင်ယာများကို အဓိကလုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြပြီးတစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ မိသားစုဝင်များစားသောက်ရန် လောက်ရုံမျှသာရှိပါသည်။ အများစုမှလယ်ယာမြေအနည်းငယ်ပိုင်ဆိုင်ကာ တနိုင်တပိုင်စိုက်ပျိုးလုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၆၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

လေ့လာတွေ့ရှိချက်။ ။ လုံကော်ကျေးရွာတွင် လယ်ယာမြေစိုက်ပျိုးရေး လုပ်အားခနှုန်းထားသည် အများဆုံး ၈၀၀၀နှင့် အနည်းဆုံး ၄၀၀၀ ရှိကြောင်း လေ့လာတွေ့ရှိပါသည်။ ကျွဲ၊ နွားများအား လယ်/ယာတွင် အသုံးပြုရန်အတွက်သာ မွေးမြူကြပါသည်။ ကြက်များကို အိမ်တွင်တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	**မြေဆီလွှာအရည်အသွေး**(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၁၄	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၈၅	ကောင်း ☐	သင့် ☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့် ☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	**မြေဆီလွှာအရည်အသွေး**(မှန်ရာတစ်ခုကိုသာရွေးရန်)
စုစုပေါင်း	**၉၉**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ လုံကော်ကျေးရွာ၏ လယ်ဧကမှာ ၁၄ ဧကရှိပြီး တောင်ယာမြေမှာ ၈၅ ဧကရှိပါသည် ။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပြီး စပါး၊ ပြောင်းနှင့် မြေပဲ တို့ကို စိုက်ပျိုးကာ အသက်မွေးဝမ်းကျောင်းပြုပါသည်။ ကျေးရွာထွက်ကုန်များဖြစ်သော စပါး၊ ပြောင်း နှင့် မြေပဲ များကို တန့်ယန်းမြို့စျေးကွက်သို့ တင်ပို့ရောင်းချပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း☐ မရှိ ☑	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☑
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ရေ - မြေပေါ်ရေ	များ ☐ သင့်☑ နည်း ☐	လွယ် ☑ ခက်☐	လျော့ ☐ တိုး ☐

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
(အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	မရှိ ☐	အသုံးမပြုနိုင်ပါ ☐	အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ☑
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ လုံကော်ကျေးရွာတွင် တွင်းထွက်ပစ္စည်းများမရှိပါ။ ကျေးရွာတွင် မြေလွတ်များရှိသော်လည်း နွားစာစိုက်ပျိုးခြင်းမရှိပါ။ စိမ့်စမ်းရေကိုသာ အဓိက သုံးစွဲကြရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အိမ်ကစီးပွားရေးလုပ်	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ)

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
ငန်း	အလွန်ကောင်း	အသင့်အတင့်		အလွန်နည်း
အိမ်ထောင်စု	-	၆	၂၇	၇

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ လုံကော်ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ အိမ်ထောင်စုအလိုက် ဓနအဆင့် သတ်မှတ်မှုများတွင် ကျေးရွာအတွင်းတွင် ကိုယ်ဆီကိုယ်ငှ မြေပိုင်ဆိုင်မှု အနည်းငယ်ရှိကြပြီး အချို့အိမ်ထောင်စုများမှာ ရံဖန်ရံခါနေ့စား အငှားလုပ်သားများအနေဖြင့် လုပ်ကိုင်လျက်ရှိပါသည် ။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
			လုပ်အားခကြိုယူ = _____
ဖြစ်ပွားလာအထိ ဝမ်းစာဖူလုံမှု	၄၀	၉	အခြားအစားပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ လုံကော်ကျေးရွာတွင် အိမ်ထောင်စုအားလုံး တစ်နှစ်ပတ်လုံးဝမ်းစာဖူလုံကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက်	၁	-	၁
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လုံကော်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၆၄)နှစ်အထက် အမျိုးသား(၁)ဦး ရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု/မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စုများ မရှိပါ။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း						
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု						
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း						
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	၄က်ဖျားရောဂါ						
၂၂	တီဘီရောဂါ						
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ						
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓					
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်		✓				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ-

အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင်စု၁၀၀ တွင် ၂၅ မှ ၅၀အိမ်ထောင်စု – လတ်၊

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ လုံကော်ကျေးရွာတွင် စားနပ်ရိက္ခာဖူလုံမှုရှိပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်မှု မရှိသလောက်နည်းပါးပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်						
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု						
၃	ဆင်းရဲသားတောင်သူ						
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက် နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာ တွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ များ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ						
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
	သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။ လေ့လာတွေ့ရှိချက်။ ။ လုံကော်ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်လွယ်သော အိမ်ထောင်စုများမရှိပါ။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဘာသာရေးအဖွဲ့	၁□၂□၃□				ပညာရေး□ငွေကြေး□ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၂	ကျောင်းကော်မတီ	၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ညံ့□
၃	လူငယ်အဖွဲ့	၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၄	အမျိုးသားအဖွဲ့	၁□၂□၃□				ပညာရေး□ငွေကြေး☑ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၅	အမျိုးသမီးအဖွဲ့	၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး☑ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆		၁□၂□၃□				ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၇		၁□၂□၃□				ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ဌေစုဌေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ လုံကော်ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ ဘာသာရေးအဖွဲ့၊ ကျောင်းကော်မတီ၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့များရှိပါသည်။ ကျေးရွာတွင် သာရေး/နာရေးအဖွဲ့ဟူ၍ ရှိသော်လည်း ရွာလုံးကျွတ် ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ –ခမ္မစကူးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့် ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊**

အာရုံဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များ ဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဋ္ဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဋ္ဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ လုံကော်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၇	၃	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၇	၂	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၆	၄	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား			တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၄၀	၉	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ လုံကော်ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စုများမှာ အထက်ပါအတိုင်း ဖြစ်ပါသည်။ မြေယာမဲ့အိမ်ထောင်စု(၇)စု၊ (၂.၅ဧက)အောက်(၇)အိမ်ထောင်စု၊ (၂.၅ဧက မှ ၅ဧက)ကြား(၂၆)အိမ်ထောင်စု ရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင် စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	၈၀ကော	တစ်နှစ်ပတ်လုံး☑ရာသီ အလိုက်□	ရှိ☑မရှိ□မဖြေဆိုပါ□	လျော့☑တိုး□ အပြောင်းအလဲမရှိ□

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
			မဖြေဆိုပါ□		
၈	ချောင်းရေ	၈၅ကော	တစ်နှစ်ပတ်လုံး☑ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ☑

ရင်းမြစ် ... (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၂) **ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ လုံကော်ကျေးရွာတွင် စိမ့်စမ်းရေ/ချောင်းရေးကိုသာ အသုံးပြုကြပါသည်။ သောက်သုံးရေအတွက် စိမ့်စမ်းရေကို အသုံးပြု၍ လယ်/ယာ စိုက်ပျိုးရေးအတွက် စိမ့်စမ်းရေနှင့် နီးစပ်ရာချောင်းရေများကို အသုံးပြုကြပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကိုသာရွေး ရန်)	အမြတ် ရရှိနိုင်မှု(မှန် ရာတစ်ခုကို သာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၃၄	တင်း	၄၅ တင်း	၆၀ တင်း	၅၇ တင်း	မေ လ	အောက် တိုဘာလ	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
ပြောင်း	၈၀	တင်း	၃၀ တင်း	၄၀ တင်း	၃၅ တင်း	မေ လ	အောက် တိုဘာလ	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□
မြေပဲ	၁၃	တင်း	၃၀ တင်း	၄၀ တင်း	၃၅ တင်း	မေ လ	အောက် တိုဘာလ	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကိုသာရွေး ရန်)	အမြတ် ရရှိနိုင်မှု(မှန် ရာတစ်ခုကို သာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခု ကိုသာရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်းမျှ	မှ	ထိ			
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးမြေဧကစုစုပေါင်း(၉၉)ဧကရှိပါသည်။ အဓိကစိုက်ပျိုးသီးနှံမှာ စပါး၊ ပြောင်းနှင့် မြေပဲတို့ကို စိုက်ပျိုးပါသည်။ သွင်းအားစုများဖြစ်သော မြေဩဇာမျိုးစေ့များ ဈေးနှုန်းမြင့်တက်မှုကြောင့် စိုက်ပျိုးမြေဧက အမှန်တကယ်ရှိ ခြင်းထက် လျော့ချစိုက်ပျိုးရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၂၅			၈
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ လုံကော်ကျေးရွာတွင် စက်ကိရိယာများဝယ်ယူရန် ငွေကြေးမတတ်နိုင်ခြင်းကြောင့် မိမိလုပ်အားဖြင့်သာ ကြိုစားစိုက်ပျိုးကြပါသည်။ လက်တွန်းဖြင့်သာ ထွန်ယက်စိုက်ပျိုးကြပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**အလွန်ကောင်း☐ကောင်း☐သင့်တင့်မျှတ☑မဖြေဆိုပါ☐**
လယ်ယာမြေအသုံးချနိုင်မှု	**အလွန်ကောင်း☐ကောင်း☑သင့်တင့်မျှတ☐မဖြေဆိုပါ☐**
စိုက်ပျိုးရေအရင်းအမြစ်	**ပေါများ☐အသင့်အတင့်ရှိ☑မဖြေဆိုပါ☐**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည်☐ရသည်☑မဖြေဆိုပါ☐**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☑သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☐မဖြေဆိုပါ☐**
သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့်အခြား အော်ဂဲနစ်သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်☑မဖြေဆိုပါ☐**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ဝယ်ယူရနိုင်သည်☐မဖြေဆိုပါ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ	**အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐**

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ဝန်ဆောင်မှုများ	
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐** **သီးနှံများကိုရောင်းချနိုင်သည်☑မဖြေဆိုပါ☐**
